
၄. ထိုင်းလူမျိုးများသည် ရုပ်ရှင်ရုံ၊ ပြဇာတ်ပွဲအစရှိတွင် ထိုင်းတော်ဝင်ဂုဏ်တင်သီချင်း ကြားသည်နှင့် ထိုင်းနိုင်ငံ၏ တော်ဝင်ဘုရင်ဂုဏ်ကို အလေးပြုရန်အတွက် တည်ငြိမ်စွာ မတ်တပ်ရပ်သင့်ပါသည်။

၅. လူနေအိမ် သို့မဟုတ် သာသနာ့ဂေဟာအတွင်း မဝင်ခင် ဖိနပ်ချွတ်ထားသင့်ပါသည်။

၆. ပွဲတက်ရောက်ရန် ဖိတ်ခေါ်ခံရလျှင်(သို့) တစ်စုံတစ်ယောက်ထံ အလည်သွားလျှင် အိမ်ရှင်အပေါ် ကြင်နာမှု ဖော်ပြသင့်သည်။

၇. ထိုင်းလူမျိုးများသည် နာမည်အရင်းနှင့် ထူးခေါ်ကြပြီး ရင်းနှီးသောသူများကို ခု(န်) ဟူသောစကားလုံးကို အရှေ့တွင်တပ်ပြီး အိမ်နာမည်(သို့) ငယ်နာမည်ကိုခေါ်လေ့ရှိသည်။

၈. ထိုင်းလူမျိုးများထမင်းစားရာတွင် ဇွန်းနှင့်ခက်ရင်းကိုပိုမိုအသုံးပြုသည်။

၉. ထိုင်းလူမျိုးများသည် ရာထူးကြီး အသက်ကြီးသူများကို အလေးထားဦးစားပေး လေ့ရှိသည်။

၁၀. ထိုင်းလူမျိုးများထမင်းစားရာတွင် အသက်ကြီးသူများကိုဦးချပြီးမှသာစားလေ့ရှိသည်။



# ရှောင်ကြဉ်သင့်သောအပြုအမူများ



| | |
|---|---|
| ၁. | နိုင်ငံ သာသနာနှင့် တော်ဝင်မင်းမျိုးအပေါ် ရိုင်းပြသောအပြုအမူ မပြုလုပ်ရန်။ |
| ၂. | ဗုဒ္ဓရုပ်ပွားတော်သည် ထိုင်းလူမျိုးများကိုးကွယ်သောအရာ ဖြစ်သောကြောင့် မယုံမကြည် ရိုင်းစိုင်းသောအပြုအမူ မထားသင့်သောနေရာတွင် ထားထားခြင်းအစရှိသော အရာများကို မပြုလုပ်ရန်။ |
| ၃. | ထိုင်းလူမျိုးများ၏အယူတွင် ဦးခေါင်းသည်အမြင့်မြတ်ဆုံးဖြစ်သောကြောင့် သူတစ်ပါးခေါင်း ကစားခြင်းကို မပြုလုပ်ရန်။ |
| ၄. | ထိုင်းလူမျိုးများ၏အယူတွင် ခြေသည်အနိမ့်ဆုံးဖြစ်သောကြောင့် ခြေဖြင့် ညွှန်ပြခြင်း ပစ္စည်းကောက်ခြင်း သူတစ်ပါးကို ဖြတ်ကျော်ခွကျော်ခြင်းကို မပြုလုပ်ရန်။ |
| ၅. | မင်္ဂလာဆောင် လူနာတွေ့ မွေးနေ့ပွဲ အစရှိသည့်ပွဲများကို အဝတ်အစားအနက်ရောင်ဖြင့် ပွဲတက်ခြင်းကို မပြုလုပ်ရန်။ |
| ၆. | အများပြည်သူတွေ့နေရာများနှင့် သာသနာ့နယ်မြေများတွင် ဖက်နမ်းခြင်းဖြင့် ချစ်ခြင်းမေတ္တာဖော်ပြခြင်းကို မပြုလုပ်ရန်။ |
| ၇. | သမိုင်းဝင် နာမည်ကြီးသောနေရာများနှင့် သာသနာ့နယ်မြေများတွင် အတိုအပြတ် ဝတ်ဆင်ခြင်းကို မပြုလုပ်ရန်။ |
| ၈. | သူတစ်ပါးကို နာမည်ပျက်စေသော အရာများပြုလုပ်ခြင်းကို မပြုလုပ်ရန်။ |
| ၉. | ထိုင်းလူမျိုးများ အထူးသဖြင့်မိန်းကလေးများကို နှုတ်ဆက်ရာတွင် ဖက်နမ်းခြင်းဖြင့် နှုတ်ဆက်ခြင်းကို မပြုလုပ်ရန်။ |
| ၁၀. | ထမင်းစားရာတွင် စကားပြောခြင်းနှင့် ဆူညံသောအသံပြုလုပ်ခြင်းကို မပြုလုပ်ရန်။ |

# စာချုပ်

အလုပ်ငှားစာချုပ်သည် အလုပ်အကိုင်အညွှန်းနှင့် တစ်ထပ်တည်းအရေးကြီးသောကြောင့် နားလည်သဘောပေါက်ပြီး ကျင့်သုံးနိုင်ရန် အောက်ပါအချက်အလက်များကို လိုက်နာပေးရမည်။

| | |
|---|---|
| ၁. | အလုပ်ခန့်စာချုပ်တွင် ရာထူးနှင့် လစာ အတိအကျဖော်ပြထားရန် (အစိုးရ သတ်မှတ်ထားသော အခြေခံလစာထက် မနည်းရန်) နှင့် လစာပေးချေသောရက်မှာ အနည်းဆုံးတစ်လတစ်ကြိမ်ရှိနေရမည်။ |
| ၂. | တိကျသောအလုပ်ခန့်ကာလ ဥပမာ ၁ နှစ် (သို့) ၂ နှစ် နှင့်တိကျသော လုပ်ငန်းတည်နေရာကို ဖော်ပြရမည်။ |
| ၃. | ပုံမှန်တစ်နေ့လုပ်ငန်းချိန်မှာ ၈ နာရီ၊ အန္တရာယ်ရှိနိုင်သောအလုပ်တွင် ၇ နာရီ၊ ထက်ပိုမရှိရန်နှင့် အချိန်ပိုရှိပါက အချိန်ပိုလုပ်ခရရန်နှင့် တစ်ပတ်တွင် အများဆုံး ၆ ရက်သာ အလုပ်ချိန်သတ်မှတ်ရမည်။ |
| ၄. | လုပ်ငန်းရှင်မှာ ဝန်ထမ်းများကို တစ်ပတ်အတွင်း ပိတ်ရက်စီစဉ်ပေးရန်နှင့် ၎င်းပိတ်ရက်အစား လုပ်ခတစ်ရက်စာပေးရန်၊ ထိုင်းရိုးရာပိတ်ရက်အတွက် တစ်နှစ်တွင် ပိတ်ရက် ၁၃ ရက်၊ တစ်နှစ်သက်တမ်းပြည့်ပြီးသော ဝန်ထမ်းကို ရက်ရှည်ပိတ်ရက် စီစဉ်ပေးသင့်ပြီး ၆ ရက်စာထက်ပိုသောလုပ်ငန်းခကို ရရှိရမည်။ |
| ၅. | အလုပ်ရှင်သည် ဝန်ထမ်းများကို ပုံမှန်အချိန်ထက်အလုပ်ခိုင်းမိပါက အလုပ်ရှင်သည် ဝန်ထမ်းများကို အချိန်ပိုလုပ်ခကို တစ်နာရီပုံမှန်လုပ်ခထက် ၁.၅ ဆ ထက်မနည်း ပေးဆောင်ရမည်။ ရုံးပိတ်ရက်တွင်အလုပ်ခိုင်းမိပါက အလုပ်ရှင်သည် ဝန်ထမ်းများကို အချိန်ပိုလုပ်ခကို တစ်နာရီပုံမှန်လုပ်ခထက် ၂ ဆ ထက်မနည်း ပေးဆောင်ရမည်။ |
| | ၂.၁ အလုပ်ပိတ်ရက်တွင် လုပ်အားခရရှိခွင့်ရှိသည့်အခြေအနေတွင် ပုံမှန်နာရီလုပ်အားခ၏ 1 ဆဖြစ်သော လုပ်အားခ လက်ခံရရှိမည်။ |
| | ၂.၂ အလုပ်ပိတ်ရက်တွင် လုပ်အားခမရရှိခွင့်ရှိသည့်အခြေအနေတွင် ပုံမှန်နာရီလုပ်အားခ၏ 2 ဆဖြစ်သော လုပ်အားခ လက်ခံရရှိမည်။ |
| ၆. | လုပ်ငန်းရှင်သဘောတူညီချက်အရ အလုပ်လုပ်သည့်ရက်တိုင်း အစားအစာတစ်နေ့ ၃ ကြိမ်စီစဉ်ခြင်းဖြင့် ကုန်ကျစရိတ်များကို လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများကြား အချင်းချင်းညှိနှိုင်းနိုင်ပါသည်။ |
| ၇. | ဘေးကင်းသော တည်းစရာနေရာ၊ တိုက်ခန်း၊ အဆောင်များ စီစဉ်ပေးခြင်းဖြင့် ကုန်ကျစရိတ်များကို လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများကြား အချင်းချင်းညှိနှိုင်း နိုင်ပါသည်။ |

| | |
|---|---|
| ၈. | လုပ်ငန်းရှင်သဘောတူညီချက်အရ ဆေးခန်းကုန်ကျစရိတ်၊ ကျန်းမာရေးနှင့် ပတ်သက်သော ကုန်ကျစရိတ်များကို အလုပ်သက်တမ်း တစ်ခုလုံးအတွက် ဝန်ထမ်းများကိုစီစဉ်ပေးထားရန်။ |
| ၉. | လုပ်ငန်းရှင်သည် ဝန်ထမ်းအလုပ်ခေါ်ရာတွင် ထိုင်းနိုင်ငံအရောက် ခရီးကုန်ကျစရိတ်နှင့်ယာဉ်ကို ထိုင်းနိုင်ငံရောက်သည်အထိစီစဉ်ပေးရမည်ဖြစ်ပြီး အလုပ်သက်တမ်းကုန်ဆုံးရာတွင်လည်း ဝန်ထမ်း၏အခြားနိုင်ငံ အိမ်အရောက်ကိုလည်း စီစဉ်ပေးရသည်။ ဝန်ထမ်း၏ မှားယွင်းဖောက်ပြန်မှုကြောင့် အလုပ်မှထုတ်ခံခြင်းသည် ၎င်းအကျိုးခံစားခွင့် ရရှိမည် မဟုတ်ပါ။ |
| ၁၀. | ဝန်ထမ်းများသည် တရားဝင်ပြဌာန်းထားသောစည်းကမ်းချက်များနှင့်အညီ မိမိလုပ်ငန်းရှင်နှင့် မိမိအလုပ်ရှိ စည်းမျဉ်းစည်းကမ်းကို လိုက်နာရမည်ဖြစ်ပြီး မိမိလုပ်ငန်းရှင်မှတစ်ပါး အခြားသူကို အလုပ်လုပ်ပေးခွင့်မရှိ။ တရားဝင်မဟုတ် လူစုဝေးပြီး ဥပဒေချိုးဖောက်သော လုပ်ငန်းများကိုရှောင်ကြဉ်ရန်။ |
| ၁၁. | အလုပ်ရှင်သည် ဝန်ထမ်းကိုအလုပ်ငှားခြင်းမှ ရပ်ဆိုင်းလိုပါက ထိုဝန်ထမ်းကို အချိန်တစ်လကြိုတင်အကြောင်းကြားရန် (သို့) ထိုတစ်လစာ လုပ်ခပေးခြင်းဖြင့် အလုပ်ငှားခြင်းကို ရပ်ဆိုင်းနိုင်သည်။ အလုပ်ရှင်မှအလုပ်ငှားခြင်း ရပ်ဆိုင်းလိုလျှင် ထိုဝန်ထမ်းကို အိမ်ပြန်ခရီးစီစဉ်ပေးရမည်ဖြစ်ပြီး ဝန်ထမ်းကိုယ်တိုင် အလုပ်ရပ်ဆိုင်းလိုပါက လုပ်ငန်းရှင်ကို တစ်လကြိုတင် အကြောင်းကြားပြီးမှ ထွက်ခွာရမည်။ ထိုအတွက် လုပ်ငန်းရှင်မှ အိမ်ပြန်လမ်းခရီး စီစဉ်ပေးမည်မဟုတ်ပါ။ |
| ၁၂. | အခက်အခဲကြုံတွေ့ရသော အခြေအနေ ဥပမာအားဖြင့် သဘာဝဘေး၊ မီးလောင်မှု၊ ရေကြီးမှု၊ စစ်ဖြစ်မှု အစရှိသော အရေးပေါ်အကြောင်းအရာဖြစ်ခဲ့ပါက လုပ်ငန်းရှင်များသည် ဝန်ထမ်းများကို လုံခြုံသောနေရာပေးနိုင်ရန် (သို့) အလုပ်လုပ်ရန် အဆင်မပြေတော့သည့်အခြေ အနေတွင် လုပ်ငန်းရှင်မှ ဝန်ထမ်းများကို အိမ်ပြန်ခရီးစီစဉ်ပေးရန် |

ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းစာချုပ်ကိုအသုံးပြုရမည်။ (အသေးစိတ် စာမျက်နှာ ၂၁ နှင့် ၂၂)

# အကျိုးကျေးဇူးများ

## MOU အရ တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံခြားလုပ်သားများရရှိနိုင်သော အကျိုးကျေးဇူးများ ပဒေ (အမှတ်စဉ် 2) 2019

၁. လူမှုဖူလုံရေးရန်ပုံငွေ လုပ်ငန်းရှင်များသည် ဝန်ထမ်းကို အလုပ်ခန့်ပြီးသည်နှင့် တစ်ပြိုင်နက် ၄င်းဝန်ထမ်းကို အကျိုးခံစားခွင့်ရရှိသူတစ်ယောက် ဖြစ်လာစေရန်အတွက် ရက် ၃၀ အတွင်း လူမှုဖူလုံရေးအသင်းဝင်အဖြစ် စာရင်းပေးသွင်းရမည်ဖြစ်သည်။ ဝန်ထမ်းနှင့် အလုပ်ရှင် နှစ်ဘက်စလုံးသည် လုပ်အားခ၏ ၁၀၀ ဘတ်တွင် ၅ ဘတ်နှုန်း၊ စုစုပေါင်းအားဖြင့် အနည်းဆုံး ၁၆၅၀ ဘတ်၊ အများဆုံး ၁၅၀၀၀ ဘတ်စီ မဖြစ်မနေ ပေးသွင်းသွားရမည်ဖြစ်ကာ အစိုးရဘက်မှလည်း တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့ ပေးသွားမည်ဖြစ်ပြီး ၁၀၀ ဘတ်လျှင် ၂.၇၅ ဘတ်နှုန်းဖြင့် ထောက်ပံ့ပေးသွားပါမည်။

၇ မျိုးသောအကျိုး (ရရှိနိုင်သည့် အကျိုးခံစားခွင့်များအရ) နေမကောင်းဖြစ်သောအခါ၊ မတော်တဆ ထိခိုက်ဒဏ်ရာရသောအခါ ၊ မသန်စွမ်းသောအခါ၊ သေဆုံးသောအခါ၊ ကလေးမီးဖွားခြင်းနှင့် ကလေးအတွက်ကုန်ကျစရိတ်များ ရှိသည့်အခါ၊ အသက်အရွယ်အိုမင်းသောအခါနှင့် အလုပ်မဲ့သောအခါမျိုးတို့တွင် အကျိုးခံစားနိုင်သည်။

၂. အစားထိုးငေ လုပ်ငန်းရှင်ဖက်မှ ၄င်းငွေကိုစုပေးသူဖြစ်ပြီး လုပ်အားခ၏ ၁၀၀လျှင် ၀.၂ မှ ၁ ပေးသွင်းလေ့ရှိသည်။ ၎င်းအစီစဉ်အတွက် အလုပ်ဝင်ဝင်ခြင်းအချိန်မှစပြီး အကျိုးခံစားနိုင်သည်။

အကျိုးကျေးဇူးများ သည်နေမကောင်းဖြစ်ခြင်း၊ မတော်တဆအထိခိုက်ဒဏ်ရာရခြင်း၊ မသန်မစွမ်းဖြစ်ပွားခြင်း၊ သေဆုံးခြင်းနှင့် ပျောက်ဆုံးခြင်းများအတွက်

## ၎င်းအတွက် အကျုံးမဝင်သောလုပ်သားများ

အိမ်ဖော်၊ လယ်လုပ်သား၊ ငါးမွေးမြူရေးလုပ်သား၊ ဥယာဉ်ပန်းခြံလုပ်သားနှင့် တိရိစ္ဆာန်မွေးမြူရေးလုပ်သား အစရှိသည့် တစ်နှစ်ပတ်လုံးငှားရမ်းထားခြင်း မရှိသော လုပ်သားများ၊ အချိန်ပိုင်းလုပ်သားများ၊ လမ်းဘေးဆိုင်ခင်းရောင်းသော သူများထဲတွင် ရာသီအလိုက် အလုပ်လုပ်ကြသည့် အလုပ်သမားများသည် ထိုငွေစုအတွက် အကျုံးမဝင်ပါ။ သို့သော် လူထုကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးအာမခံလက်အောက်တွင်သာ အကျိုးခံစားနိုင်ခွင့် ရှိသည်။

# လုံခြုံရေးနှင့် သန့်ရှင်းစင်ကြယ်စေရေးစည်းမျဉ်းစည်းကမ်းများ

## လုပ်ငန်းအတွင်းလုံခြုံဘေးကင်းရန်အတွက်လုပ်ဆောင်ရန်အချက်များ

| | | | |
|---|---|---|---|
| ၁. | လုပ်ငန်းခွင်ရှိ ဆေးလိပ်သောက်သည့်နေရာမှအပ အခြားနေရာတွင် ဆေးလိပ်မသောက်ရ | ၈. | အလုပ်ခွင်တွင် စနောက်ခြင်း ကစားခြင်းမပြုရန် |
| ၂. | ကမ်းပေါ် သို့မဟုတ် လုပ်ငန်းခွင်ထဲတွင် တံတွေး(သို့)ကွမ်းမထွေးရ | ၉. | စက်ပစ္စည်းကိရိယာများချို့ယွင်းမှုရှိပါက အထက်လူကို အကြောင်းကြားရန် |
| ၃. | သတ်မှတ်ပေးထားသောနေရာတွင်သာ အမှိုက်ပစ်ရန် | ၁၀. | မတော်တဆကိစ္စများဖြစ်ပွားပါက အထက်လူကို အကြောင်းကြားရန် |
| ၄. | လုပ်ငန်းခွင်တွင်လုံခြုံသောအဝတ်အစားများဝတ်ဆင်ရန် | ၁၁. | အလုပ်ပြီးချိန်တွင် စက်ပစ္စည်းများ လုပ်ငန်းနေရာများသန့်ရှင်းထားရန် |
| ၅. | စက်ပစ္စည်းကိရိယာများ၏အရည်အသွေးကို အသုံးမပြုမီ အမြဲစစ်ဆေးပေးရန် | ၁၂. | စက်ပစ္စည်းများကို လုပ်ငန်းခွင်ပြင်ပသို့ မယူဆောင်သွားရန် |
| ၆. | အသုံးပြုပုံ ဖော်ပြခြင်းမရှိသည့် စက်ပစ္စည်းကိရိယာများကိုအသုံးမပြုသေးရန် | ၁၃. | လုပ်ငန်းခွင်ရှိ ဘေးအန္တရာယ်ကာကွယ်ရန် စည်းကမ်းများကို လေ့လာလိုက်နာရန် |
| ၇. | အန္တရာယ်ရှိနိုင်သောလုပ်ငန်းခွင်တွင် အကာအကွယ်ပစ္စည်းများ ဝတ်ဆင်တပ်ဆင်ထားရန် | | |





# လုပ်ငန်းခွင်ရှိ ဘေးအန္တရာယ်များမှ ကာကွယ်ရန်

## ၁.

အမြင့်ပေါ်ရှိလုပ်ငန်းခွင်တွင် ခါးပတ်နှင့်
အသက်ကယ်ကြိုးအမြဲတပ်ဆင်ရမည်



## ၂.

လျှပ်စစ်အန္တရာယ်မှကာကွယ်နည်း

- လျှပ်စစ်ပစ္စည်းကို သတိဖြင့်အသုံးပြုရန်
- အိုဟောင်း၊ ရေစို၊ ဆီစိုနေသော ဝါယာကြိုးများ အသုံးပြုခြင်းမှရှောင်ကြဉ်ရန်
- လျှပ်စစ်အန္တရာယ်ကို လေ့လာရန်
- ခန္ဓာကိုယ်စိုစွတ်နေစဉ်တွင် လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်းမှရှောင်ကြဉ်ရန်



## ၃.

အလေးပစ္စည်းများကို မှန်ကန်သောနည်းလမ်းဖြင့်
ရွှေ့ပြောင်းလုပ်ဆောင်ခြင်း




## ၄.

မီးဘေးမှကိုယ်တိုင်ကာကွယ်နည်းနှင့်
မီးသတ်ဘူးအသုံးပြုပုံလေ့လာရန်



## ၅.

သတိပေးသင်္ကေတကို လေ့လာထားရန်



## ရှောင်ကြဉ်သင့်သောအရာများ နှင့် သတိပြုရန်များ



၁. လုပ်ငန်းခွင်နှင့် မကိုက်ညီသော စက်ပစ္စည်းများ အသုံးပြုခြင်း

၂. စက်ပစ္စည်းများလည်ပတ်နေသည့် အန္တရာယ်ရှိနေရာများနှင့် အမြင့်ရှိပစ္စည်းများ ကျလာနိုင်သောနေရာများတွင် ရပ်နေခြင်းနှင့် သွားလာခြင်း

၃. စက်ပစ္စည်းများလည်ပတ်နေချိန် သို့မဟုတ် ထိုစက်ပစ္စည်းများ အပူချိန်မြင့်မားနေချိန်တို့ တွင် အဆိုပါစက်ပစ္စည်းများကို သန့်ရှင်းခြင်း၊ စစ်ဆေးခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း

၄. အချက်ပေးခြင်းမရှိဘဲ စက်ပစ္စည်းကို အလုပ်လုပ်စေခြင်းနှင့် စက်ပစ္စည်းစစ်ဆေးခြင်း မရှိဘဲ အလုပ်လုပ်စေခြင်း

၅. လုပ်ငန်းခွင်နှင့် ကိုက်ညီမှုမရှိသော အဝတ်အစားများဝတ်ဆင်ခြင်း၊ မှားယွင်းစွာ ဝတ်ဆင်ခြင်း သို့မဟုတ် အကာအကွယ်ပေးနိုင်သော ကာကွယ်ရေးအဆင်တန်ဆာများ မဝတ်ဆင်ခြင်း

**"လူတိုင်းမှာ သတိ ဆိုတဲ့စကားနှင့် အလုပ်လုပ်ရင် ဘေးအန္တရာယ် ဖြစ်ပွားစရာအကြောင်းမရှိဘူး ဆိုတာ" သင်ယုံလိုက်ပါ**

## အခြေခံကျန်းမာရေး



မိမိ၏ ကျန်းမာရေးကိုဂရုစိုက်ခြင်းဖြင့် ခန္ဓာနှင့်စိတ်ကိုကျန်းမာစေသည်။ ကျန်းမာရေးလမ်းညွှန်အဖွဲ့အစည်းမှ အောက်ဖော်ပြပါအချက်များအတိုင်း လိုက်နာရန်

၁. အစားအစာ အုပ်စု ၅ မျိုးကို မှန်ကန်စွာ စားသုံးခြင်း

၂. အားကစားအနည်းဆုံး မိနစ် ၃၀ ပြုလုပ်ရန်၊ ပုံမှန် တစ်ပတ်လျှင် ၃ ကြိမ်ပြုလုပ်ပေးပါရန်

၃. စိတ်အာရုံကို စုစည်းရန်

၄. အိမ်တွင်းနှင့် အိမ်ပြင်ပတ်ဝန်းကျင်ကို နေချင်စဖွယ်ဖြစ်အောင် ဖန်တီးတတ်ရန်

၅. ရောဂါဖြစ်စေနိုင်သော နေထိုင်မှုမှရှောင်ကြဉ်ရန်

၆. ဆေးလိပ်၊ အရက်၊ စိတ်ကြွရူးသွပ်ဆေး၊ လောင်းကစားနှင့် လိင်အပျော်အပါးမှ ရှောင်ကြဉ်ရန်

# ဥပဒေရေးရာကန့်သတ်ခြင်းနှင့် အလုပ်သမားများကာကွယ်စောင့်ရှောက်ရေး

## ဗုဒ္ဓသက္ကရာဇ် ၂၅၆၀ အရ နိုင်ငံခြားလုပ်သားများစီမံခန့်ခွဲရေးဥပဒေ

၁. လုပ်ငန်းခွင့်ပြုချက်မရှိပဲ အလုပ်မလုပ်ရ

၂. ဥပဒေမှချမှတ်ထားသော အလုပ်များကိုသာ လုပ်ကိုင်ရမည်။ သတ်မှတ်ထားသော လုပ်ငန်းဘောင်အတွင်းသာ လုပ်ဆောင်ရမည်။

## သိသင့်သောအချက်များနှင့် လုပ်ဆောင်ရန်

၁. လုပ်ငန်းလုပ်ကိုင်ခွင့်ရပြီးသော အလုပ်သမားများသည် အလုပ်စပြီး ၁၅ရက်အတွင်း အလုပ်စကြောင်း အကြောင်းကြားရမည် (ပုဒ်မ ၆၄/၂)

၂. အလုပ်သမားသည် တာဝန်ရှိသူအား အလုပ်ရှင်၊ လုပ်ငန်းနေရာနှင့် လုပ်ငန်းလက္ခဏာများကို အလုပ်ဝင်သည့်နေ့မှစ၍ 15 ရက်အတွင်းတွင် အကြောင်းကြားရမည်။

၃. နိုင်ငံခြားအလုပ်သမားများသည် (အောက်ပါအကြောင်းအရာမှအပ) အလုပ်ငှား သက်တမ်းမတိုင်မီ အလုပ်ထွက်လျှင် အခြားသောလုပ်ငန်းကို ကူးပြောင်းနိုင်မည် မဟုတ်ပါ

၃.၁ အလုပ်သမားသည် အလုပ်ရှင်၏အမှားကြောင့်(သို့) အလုပ်ရှင်ဟောင်းအား နစ်နာ ကြေး ပေးချေပြီးခြင်းကြောင့် အလုပ်မှထွက်ပြီးမှသာလျှင် အလုပ်ရှင်ပြောင်းနိုင် သည်။ (ပုဒ်မ 51)

၃.၂ အလုပ်သမားသည် အမှတ်စဉ် ၃.၁ အရ အလုပ်ရှင်ပြောင်းခဲ့လျှင် အလုပ်ရှင်အသစ်ထံတွင် အလုပ်လုပ်နေခြင်းကို အလုပ်ရှင်အဟောင်းမှ ထွက်ခွာပြီး ရက် ၁၀ အတွင်း အကြောင်းကြားရမည် (ပုဒ်မ ၅၂) အလုပ်ရှင်ပြောင်း သည့် အခါက်တိုင်းတွင် တာဝန်ရှိသူထံ အကြောင်းကြားပေးရမည်။

၃. အလုပ်သမားသည် တာဝန်ရှိသူအား အလုပ်ရှင်၊ လုပ်ငန်းနေရာနှင့် လုပ်ငန်းလက္ခဏာများကို အလုပ်ဝင်သည့်နေ့မှစ၍ 15 ရက်အတွင်းတွင် အကြောင်းကြားရမည်။

၄. အလုပ်ရှင်ပြောင်းလဲခွင့်မရှိသော အလုပ်သမားများ (သို့) အလုပ်ရှင်ပြောင်းခွင့် ရသော်လည်း အလုပ်မလုပ်ဖြစ်သော အလုပ်သမားများ၏ ထိုင်းနိုင်ငံအတွင်း တရားဝင်နေထိုင်ခွင့် အလုပ်လုပ်ခွင့်မှာ အလုပ်ရပ်နားပြီး(သို့)အလုပ်ထွက်ပြီး ရက် ၃၀ အထိသာ ဖြစ်သည်။ (လူဝင်မှုကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၅၃)

၅. နိုင်ငံခြားအလုပ်သမားများအလုပ်ခွင်တွင် အောက်ပါအတိုင်းကိစ္စများဖြစ်ပေါ်ခဲ့လျှင် (ပုဒ်မ ၅၀)

၅.၁ အလုပ်ရှင်မှ မည်သည့်အကြောင်းအရာနှင့်အဆို အလုပ်သမားကို လက်မခံလျှင် (သို့) အလုပ်မှထုတ်လျှင် ထိုအလုပ်သမားမှာ မှားယွင်းမှုမရှိဘဲ အလုပ်ရှင်အသစ်နှင့် အလုပ်လုပ်ရန်တောင်းဆိုလျှင် ၎င်းအလုပ်သမားကို ခေါ်ဆောင်လာသော သူသည် ၎င်းအလုပ်သမားအတွက် အလုပ်ရှင်အသစ်ကို ရက် ၃၀ အတွင်း စီစဉ်ပေးရမည်။ အလုပ်ရှင်အသစ်တွင် ဝန်ထမ်းဖြစ်နေသော်လည်း အလုပ်ခွင့် သက်တမ်းသည် အစမူလအတိုင်း ကျန်ရှိနေသေးမည်ဖြစ်သည်။

၅.၂ အလုပ်ရှင်၏မှားယွင်းမှုကြောင့် အလုပ်သမားမှအလုပ်ရှင်အသစ်ပြောင်းလိုပါက အလုပ်ရှင်အသစ်ထံ ရက် ၃၀ အတွင်းရွှေ့ပြောင်းနိုင်သည်။

၆. လုပ်ငန်းခွင့်ရရှိသူမှ အခြားနိုင်ငံခြားလုပ်သားများခေါ်ယူလာခြင်းမပြုရန်နှင့်အလုပ်ရှင် များမှ အလုပ်သမားကို ရုံးစာရွက်စာတမ်းကြေး၊ ကျန်းမာရေးစစ်ဆေးခ၊ အလုပ်ခွင့်လျှောက်လွှာကြေးနှင့် အစိုးရမှချမှတ်ထားသော ဝန်ထမ်းမှကောက်ခံနိုင်သည့် ငွေမှအပ အခြားငွေကြေးကောက်ယူခြင်းမပြုရန်။ (ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၉)

အချက် ၃ မှ ၆ သည် MOU အရလုပ်ငန်းလုပ်ကိုင်ခွင့်ရထားသောသူအတွက်



# ပြစ်မှုနှင့်ဒဏ်

၁။

လုပ်ငန်းလုပ်ကိုင်ခွင့်မရှိသူ (သို့) သတ်မှတ်ထားသည်ထက်ပိုပြီး လုပ်ငန်းလုပ်ကိုင် နေသူသည် ပုဒ်မ ၈ ကို ကျူးလွန်ခြင်းဖြင့် ဘတ်ငွေ ၅၀၀၀ မှ ၅၀၀၀၀ အထိ ပေးဆောင်ရမည်။
(ပုဒ်မ ၁၀၁)




၂။

လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသော လုပ်သားများမှ စခန်းမှူးထံတွင် အလုပ်ရှင် လုပ်ငန်း လုပ်ငန်းတည်နေရာ အစရှိသောအချက်များကို အကြောင်းကြားခြင်းမရှိ ပုဒ်မ ၆၄/၂ ကို ကျူးလွန်ခြင်းဖြင့် ဘတ်ငွေ ၂၀၀၀၀ အထိပေးဆောင်ရမည်။
(ပုဒ်မ ၁၁၉/၁)




၃။

လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသော လုပ်သားများမှ စခန်းမှူးထံတွင် လုပ်ငန်းခွင့်မှတ်ပုံတင်ကို သင့်တော်သောအချိန်တွင် မပြသနိုင်ပါက ပုဒ်မ ၆၈ ကို ကျူးလွန်ခြင်းဖြင့် ဘတ်ငွေ ၅၀၀၀ အထိပေးဆောင်ရမည်။
(ပုဒ်မ ၁၂၀)



# ထိုင်းနိုင်ငံအတွင်းအလုပ်လုပ်ရာတွင် အကြံပေးလိုသောအချက်များ



၁. ဥပဒေဘောင်ကိုချိုးဖောက်သော လောင်းကစားထောင်ခြင်း၊ အကြမ်းဖက်လက်နက်များ ပိုင်ဆိုင်ထားခြင်း၊ ယာဉ်မောင်းလိုင်စင်မဲ့ယာဉ်မောင်းခြင်း နှင့် မူးယစ်နေစဉ် ယာဉ်မောင်းခြင်းတို့ကို ရှောင်ကြဉ်ရန်




၂. လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်ကို အမြဲဆောင်ထားရန်



၃. ယဉ်ကျေးမှုရှိစွာ အများပြည်သူသုံးဝန်ဆောင်မှုကို အသုံးပြုခြင်း၊ လိုင်းကားများအပေါ် စနစ်တကျတက်ခြင်း၊ ဆေးလိပ်မသောက်ရသောနယ်မြေများနှင့်အများပြည်သူနေရာ တွင် ဆေးလိပ်မသောက်ရန်တို့ဖြစ်ပါသည်



၄. အစိုးရရုံးသုံးစာရွက်စာတမ်းများ အတုအပလုပ်ခြင်းမှရှောင်ကြဉ်ရန်



၅. အားလပ်ချိန်တွင်အကျိုးရှိစွာ သင်ယူလေ့လာပါ ဥပမာ ထိုင်းဘာသာစကား




၆. ထိုင်းနိုင်ငံမှာ အလုပ်ရှာပေးမည် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာလွယ်လွယ်ဖြင့် လျှောက်ပေးသည်ဟု ပြောဆိုသောပွဲစားများကို ရှောင်ကြဉ်ရန်



၇. ထိုင်းနိုင်ငံသုံးလမ်းပေါ် သင်္ကေတ သတိပေးအချက်များတွေကိုလေ့လာရန်

# ဗုဒ္ဓသက္ကရာဇ် ၂၅၄၁အရ နိုင်ငံခြားလုပ်သားကာကွယ်ရေးလုပ်ရက်

## တန်းတူဆက်ဆံရေး

အလုပ်ရှင်များကို အလုပ်သမားကျားနှင့်မ ကိုတန်းတူဆက်ဆံရန်။ လုပ်ငန်းတာဝန် အခြေအနေကြောင့်သာ ဦးစားပေး ခွဲခြားပေးရန်

## ပုံမှန်လုပ်ငန်းအချိန်

လုပ်ငန်းတိုင်းတွင် တစ်နေ့လုပ်ချိန် ၈ နာရီထက်မကျော်ရ (သို့) အလုပ်ရှင်နှင့် အလုပ်သမားကြား သဘောတူညီချက်အရလုပ်ကိုင်နိုင်သည်။ တစ်ပတ်လျှင် ၄၈ နာရီထက် ကျော်ခွင့်မရှိပါ။

ဘေးအန္တရာယ်ဖြစ်စေတတ်သော လုပ်ငန်းတွင် တစ်နေ့လုပ်ချိန် ၈ နာရီထက်မကျော်ရ (သို့) အလုပ်ရှင်နှင့် အလုပ်သမားကြားသဘောတူညီချက်အရ လုပ်ကိုင်နိုင်သည်။
တစ်ပတ်လျှင် ၄၂ နာရီထက်ကျော်ခွင့်မရှိပါ။

## အချိန်ပို

အဆက်အသွယ်ပျက် အလုပ်ကိုပျက်စီးစေသောကာလနှင့် အလျင်လို အရေးကြီးသော ကာလမျိုးတွင် အလုပ်သမား၏သဘောတူညီအရ အချိန်ပိုကို သတ်မှတ်ထားသော အချိန်အထိ လုပ်ဆောင်နိုင်သည်။

## ရုံးပိတ်ရက်တွင်အလုပ်လုပ်ခြင်း

အဆက်အသွယ်ပျက်ခြင်း၊ အလုပ်ကိုပျက်စီးစေသောကာလနှင့် အလျင်လိုအရေးကြီးသော ကာလမျိုး ဟိုတယ်ဝန်ထမ်း ပို့ဆောင်ဆက်သွယ်ရေးဝန်ထမ်း စားသောက်ဆိုင် ပွဲဈေး ဆေးရုံအစရှိသောလုပ်ငန်းများအတွက် အလုပ်သမား၏သဘောတူညီအရ သတ်မှတ်ထား သော အချိန်အထိလုပ်ဆောင်နိုင်သည်။ အချိန်ပိုနှင့် ပိတ်ရက်အလုပ်ချိန်စုစုပေါင်း တစ်ပတ်လျှင် ၃၆ နာရီထက်ကျော်ခွင့် မရှိပါ။

## နားချိန်

၅ နာရီတိုင် အဆက်မပြတ်အလုပ်လုပ်ထားသောဝန်ထမ်းသည် တစ်ရက်တွင် အနည်းဆုံးနားချိန် ၁ နာရီ ရှိရမည်။

လူငယ်အလုပ်သမားများအတွက် ၄ နာရီတိုင်အဆက်မပြတ်အလုပ်လုပ်ထား လျှင် တစ်ရက်တွင် အနည်းဆုံးနားချိန် ၁ နာရီ ပေးပြီးနောက် လူငယ်နှင့်သင့်တော်သော နားချိန်ကိုပေးသင့်သည်။

## ပိတ်ရက်

တစ်ပတ်အတွက်ပိတ်ရက် ၁ ရက်ထက်မနည်းရ။

ရိုးရာပိတ်ရက်အတွက် တစ်နှစ်အတွက်ပိတ်ရက် ၁၃ ရက်ထက်မနည်းရ။ အလုပ်သမားများနေ့အပါအဝင်။

တစ်နှစ်အလုပ်သက်တမ်းရှိပြီးသောဝန်ထမ်းကို တစ်နှစ်တွင် ရုံးတက်ရက် ၆ ရက်စာ ခွင့်ယူနိုင်သည်။

## ခွင့်

**နေမကောင်းခွင့်** သက်သာသောအတိုင်းအတာ လုပ်ငန်းခဖြတ်ခြင်းမရှိ တစ်နှစ်လျှင် ရက် ၃၀ ထက်မကျော်ရ

**ကိစ္စခွင့်** အလုပ်သမားသည် တစ်နှစ်လျှင် အလုပ်ရက် 3 ရက်ထက်မနည်း ခွင့်ယူခွင့်ရှိပြီး တစ်နှစ်လျှင် အလုပ်ရက် 3 ရက်ထက်မနည်းသော လုပ်အားခရရှိမည်။

**မီးဖွားခွင့်** မိန်းကလေးအလုပ်သမားသည် ကိုယ်ဝန်တစ်ကြိမ်မီးဖွားရန်အတွက် ကလေးမမွေးခင် ကိုယ်ဝန်စစ်ဆေးရန်အတွက် ခွင့်ယူရက်နှင့် ခွင့်ရက်အကြားရှိ အလုပ်ပိတ်ရက်အပါအဝင် စုစုပေါင်း 98 ရက်ထက်မကျော် ခွင့်ယူခွင့်ရှိပြီး ခွင့်ယူသည့်ကာလ တစ်လျှောက်လုံးတွင် လုပ်အားခရရှိခွင့်ရှိ၍ 45 ရက်ထက်မပိုပါ။

## လုပ်ငန်းခ

လုပ်ငန်းခ အချိန်ပိုခ ရုံးပိတ်ရက်တွင်အလုပ်လုပ်သောလုပ်ငန်းခ နှင့် ရုံးပိတ်ရက်တွင် အလုပ်လုပ်သောအချိန်ပိုခကို အောက်ပါအတိုင်းခွဲခြားနိုင်သည်။

(၁) တစ်ရက်စာ တစ်လစာ တစ်နာရီစာအစရှိသောသတ်မှတ်ထားသောနှုန်းအရ တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ရှင်းပေးရန်။ သို့မဟုတ် အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီ ချက်အရ အလုပ်သမားအတွက် အကျိုးရှိစေသော အခြားနည်းလမ်းနှင့်ငွေပေးချေခြင်း

(၂) ၄င်းတွင် (၁) အချက်မှအပ အခြားနည်းလမ်းဖြင့် ငွေပေးချေပါက အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီချက်အရစီစဉ်နိုင်သည်။

(၃) အချိန်ပိုခ ရုံးပိတ်ရက်တွင်အလုပ်လုပ်သောလုပ်ငန်းခ နှင့် ရုံးပိတ်ရက်တွင် အလုပ်လုပ် သောအချိန်ပိုခနှင့် အလုပ်ရှင်ပေးချေရန် တာဝန်ရှိသည့်ငွေကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ရှင်းပေးရန်။

အလုပ်ရှင်သည် အလုပ်သမားငှားခြင်းကို ရပ်ဆိုင်းပါက ထိုအလုပ်အသမားရသင့်သော လုပ်ငန်းခ အချိန်ပိုခ ရုံးပိတ်ရက်တွင် အလုပ်လုပ်သောလုပ်ငန်းခ နှင့် ရုံးပိတ်ရက်တွင် အလုပ်လုပ်သောအချိန်ပိုခနှင့် အလုပ်ရှင်ပေးချေရန် တာဝန်ရှိသည့်ငွေကို အလုပ်မှ ထွက်ပြီးနောက် ၃ ရက်အတွင်းပေးဆပ်ရမည်။

## အချိန်ပိုခ

**ရုံးဖွင့်ရက်** အလုပ်ရှင်သည် ဝန်ထမ်းများကို ပုံမှန်အချိန်ထက်အလုပ်ခိုင်းမိပါက အလုပ်ရှင်သည် ဝန်ထမ်းများကို အချိန်ပိုလုပ်ငန်းခ ကိုတစ်နာရီပုံမှန်လုပ်ငန်းခထက် ၁.၅ ဆ (သို့) လုပ်ငန်းပြီးစီးသည့်အပေါ် ပေးဆောင်ရမည်။

**ရုံးပိတ်ရက်** အလုပ်ရှင်သည် ဝန်ထမ်းများကို ပုံမှန်အချိန်ထက်အလုပ်ခိုင်းမိပါက အလုပ်ရှင်သည် ဝန်ထမ်းများကို အချိန်ပိုလုပ်ငန်းခ ကိုတစ်နာရီပုံမှန်လုပ်ငန်းခထက် ၃ ဆ (သို့) လုပ်ငန်းပြီးစီးသည့်အပေါ် ပေးဆောင်ရမည်။

## လျော်ကြေးငွေ

အလုပ်ရှင်သည် အလုပ်သမားငှားခြင်းကိုရပ်ဆိုင်းပါက အောက်ပါအတိုင်း ဆောင်ရွက်ပါက မှားယွင်းခြင်းမရှိပါ။

## အလုပ်ရှင်သည်အောက်ပါအချက်ကြောင့် လျော်ကြေးငွေ လျော်ပေးရန်မလိုပါ။

အောက်ပါခြေအနေအရ

(၁) ရည်ရွယ်ပြီး အလုပ်ရှင်၏စီးပွားကို လိမ်လည်ခြင်း ဥပဒေချိုးဖောက်ခြင်း

(၂) ရည်ရွယ်ပြီး အလုပ်ရှင်ကိုထိခိုက်စေခြင်း

(၃) သတိလက်လွတ်မှုကြောင့် အလုပ်ရှင်အတွက်ကြီးမားသောထိခိုက်မှုရရှိစေခြင်း

(၄) အလုပ်၏ စည်းမျဉ်းစည်းကမ်းများကိုချိုးဖောက်သည်နှင့် အလုပ်ရှင်ဘက်မှ အလုပ်သမားကို သတိပေးစာစောင်ဖြင့် အကြောင်းကြားသတိပေးမည်ဖြစ်ကာ ၎င်းစာစောင်၏အကျိုးသက်ရောက်မှုမှာ တစ်နှစ်အများဆုံးဖြစ်သည်။ ပြင်းထန်သော ပြစ်မှုအတွက် သတိပေးစာစောင်ပို့ရန်မလိုဘဲ ချက်ချင်းအလုပ်နားစေနိုင်သည်။

(၅) ကြားတွင်ရုံးပိတ်ရက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ၃ ရက်ဆက်တိုက် အကြောင်းမဲ့ အလုပ်နားခြင်း

(၆) ထောင်ဒဏ်ကြောင့် ပြစ်မှုထိခြင်းကြောင့်။ မတော်တဆမှုကြောင့်ဖြစ်သော ပြစ်မှု ဒဏ်ပေးခြင်းအတွက်အကျုံးမဝင်ပါ။

ထို (၆) ချက်အရ မတော်တဆမှုကြောင့်ဖြစ်သော ပြစ်မှု ဒဏ်ပေးရာတွင် အလုပ်ရှင်ကို ထိခိုက်စေသောဖြစ်ရပ်အတွက်သာ အကျုံးဝင်သည်။



# ဗုဒ္ဓသက္ကရာဇ် ၂၅၅၇အရ ပင်လယ်ငါးဖမ်းလုပ်သားများကာကွယ်ရေးဥပဒေ

## လုပ်သား တစ်ယောက်ထက်ပိုသော ငါးဖမ်းလုပ်ငန်းအတွက် အောက်ပါအချက်များကို ဆောက်ရွက်ရန်

၁. အလုပ်သမား ပုဒ်မ ၇၆ အရ လုပ်အားခဖြတ်ခြင်းမှအပ အခြားမည်သည့်ကိစ္စနှင့်မဆို လုပ်အားခဖြတ်ခြင်းမပြုရန်

၂. အလုပ်သမားမှ ထိုင်းအစိုးရချမှတ်ထားသော ကောက်ခံနိုင်သည့်နှုန်းမှ အခြား အလုပ်နှင့်ပတ်သက်သော အာမခံကိစ္စနှင့်ပတ်သက်သော အရင်းအနှီးတောင်းဆိုခြင်း မပြုရန်

၃. အသက် ၁၈ အောက်လူငယ်လုပ်သားလက်မခံရန်

၄. ၂၄ နာရီအလုပ်ချိန်တွင် ၁၀ နာရီ နားချိန်ရရန်နှင့် ၇ ရက်အတွင်း အနည်းဆုံး ၇၇ နာရီ နားချိန်ရှိရမည်

၅. စာချုပ်ချုပ်ဆိုရာတွင် ပုံစံတူစာရွက်စာတမ်းနှစ်စုံ ထားရမည်ဖြစ်ပြီး ၄င်းစာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဘက်အသီးသီးမှ သိမ်းထားရန်

၆. စာချုပ်ချုပ်ပြီးနောက်ပိုင်း အလုပ်ရှင်သည် အလုပ်သမားကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် စခန်းမှူးဆီသို့ ခေါ်ဆောင်သတင်းပို့ရန်

၇. အလုပ်သမား ၁၀ ယောက်အထက်ရှိခဲ့ပါက စစ်ဆေးသူလာရောက်စစ်ဆေးရာတွင် ၎င်းအလုပ်သမားစာရင်းကို ထိုင်းဘာသာဖြင့်ပြင်ဆင်ထားပြီး လုပ်ငန်းခွင်တွင် ထားထားပေးပါရန်။ ထိုစာရင်းကို ၎င်းအလုပ်သမားများခန့်ပြီးရက် ၃၀ အတွင်း စခန်းမှူး ထံအကြောင်းကြားရန်။

၈. အလုပ်ရှင်သည် အလုပ်သမားများ၏ လုပ်အားခနှင့် အားလပ်ရက်များစာရင်းကို စာရွက်စာတမ်းဖြင့် ထားရှိပေးထားရပါမည်။ ငါးဖမ်းလုပ်ငန်းများတွင် အလုပ်ရှင်သည် အလုပ်သမားများကို လုပ်အားခပေးချေခြင်းနှင့် နားရက်ပေးခြင်းတို့ဆောင်ရွက်ရာတွ
င် ၄င်းတို့၏အမည်နှင့်ရာထူး အစရှိသောအချက်များကို စာရွက်ပေါ်တွင် ဖော်ပြပေးပြီး လက်မှတ်ထိုးစေကာ ၄င်းစာရွက်များကို သက်သေအဖြစ် သိမ်းဆည်းထားရပါမည်။

၉. လုပ်ငန်းခပေးချေရာတွင် တစ်လတွင်အနည်းဆုံး တစ်ကြိမ်၊ လုပ်ငန်းအမြတ်ကို သဘောတူထားသည့်အတိုင်း အနည်းဆုံး ၃ လ တစ်ကြိမ် ခွဲပေးရန် အချိန်ကျော်လွန်မှု ရှိပါက တစ်နှစ်တာ ဘတ် ၁၀၀ တွင် အတိုး ၁၅ ဘတ် ရရှိနိုင်သည်။ အလုပ်ရှင်မှာ သိလျက်နှင့်အမြတ် ခွဲဝေရန်ရှောင်ပါက ၇ ရက်တွင်း ၁၀၀ တွင် အတိုး ၁၅ဘတ် ရရှိနိုင်သည်။

၁၀. လစဉ်အလိုက် ငွေပေးချေပါက အခြေခံတစ်နေ့စာဝင်ငွေထက်မနည်းလုပ်အားခ ကို ရက် ၃၀ နှင့် မြှောက်ပေးရန်

၁၁. လုပ်ငန်းရှင်မှ လုပ်အားခနှင့် အလုပ်ပိတ်ရက်အလုပ်လုပ်ခကို လုပ်ငန်းသားများ၏ ဘဏ်စာရင်းထဲငွေလွှဲပို့ပေးရန် (ဘဏ်ဝန်ဆောင်ကြေးအတွက် လုပ်ငန်းရှင်မှ တာဝန်ယူ ရန်)

၁၂. လုပ်သားများကို လုပ်ငန်းခဖြတ်ခြင်းမရှိ တစ်နှစ်လျှင် ခွင့်အတွက် ရက် ၃၀ရှိသည်။ ရုံးပိတ်ရက်တွင်အလုပ်လုပ်ရပါက ပုံမှန်လုပ်ငန်းခမှာ တစ်ဆပိုရရမည်။

၁၃. အလုပ်သမားအတွက် ဆေးခွင့်ကို သက်သာသောအတိုင်းအတာအထိ လုပ်ငန်း ခဖြတ်ခြင်းမရှိ တစ်နှစ်လျှင် ရက် ၃၀ ထက်အမကျော်ရ

၁၄. အလုပ်ရှင်၏အလုပ်ကိစ္စကြောင့် အလုပ်သမားသည် နိုင်ငံခြားသို့ရောက်ရှိနေပါက ပုံမှန်ဝင်ငွေအပြင် ၁၀၀ တွင် ၅၀ ဘတ်ကို အလုပ်ရှင်ကပေးရမည်။

၁၅. သင်္ဘောမြုပ်၊ သင်္ဘောပျက်၊ အလုပ်သမားများထိခိုက်ဒဏ်ရာရ သေကြေမှုဖြစ်ပွားခဲ့လျှင် ၎င်းတို့ကို ၎င်းတို့၏နေရပ်သို့ပြန်လည်ခေါ်ဆောင်ရန်အတွက် အလုပ်ရှင်ဘက်မှ အားလုံးစီစဉ်ပေးရန်နှင့် ကုန်ကျစရိတ်များအားလုံး ကျခံပေးရန်။ အစိုးရဘက်မှ ၎င်းတို့ကို လုပ်ဆောင်ပေးခဲ့ရသည်ရှိသော် ကုန်ကျစရိတ်များအားလုံးကို အလုပ်ရှင် ဘက်မှ ပြန်လည်ပေးချေသွားရန်။

၁၆. သင်္ဘောအပေါ်တွေ့ အလုပ်သမားများအတွက် သင်္ဘောအပေါ်နေရမည့်ကာလနှင့်အညီ သန့်ရှင်းသော အစားအသောက် အိမ်သာနှင့် ဆေးဝါးများစီစဉ်ပေးထားရန်

၁၇. ထိုင်းပင်လယ်အပြင်ပိုင်းပတွင်ငါးဖမ်းနေသော သင်္ဘောပေါ်ရှိလုပ်သားများအတွက် တစ်မီဂါဘိုက်အထက်ရှိသော လမ်းပြဂြိုလ်တုလိုင်းလက်ခံစက်ကို တစ်လတစ်ယောက် အမြဲကိုင်ဆောင်ထားရမည်ရှိရခြင်းမှာ သင်္ဘောပေါ်ရှိ အလုပ်သမား များအားလုံး၏ လေးပုံတစ်ပုံထက်မနည်းသော အလုပ်သမားများ ဂင်ရောက်နိုင်ရန် အတွက်ဖြစ်ပြီး ကုန်းပေါ်ရှိ အစိုးရစခန်းနှင့် ဆွေမျိုးများကိုဆက်သွယ်နိုင်စေရန်ဖြစ်ပြီး အကယ်၍ အဆိုပါစက်ပစ္စည်း အလုပ်မလုပ်နိုင်ပါက စက်ပစ္စည်းပြင်ဆင်မှု မပြီးမချင်း အခြားအစားထိုးစက်ပစ္စည်းရှာပေးရမည်ဖြစ်၍ အလုပ်ရှင်မှ ကုန်ကျစရိတ်ပေးချေသူ ဖြစ်ရမည်။

၁၈. အလုပ်ရှင်များသည် အလုပ်သမားများကို သင်္ဘောပေါ်လုပ်ငန်းမစတင်မီတွင် စက်ပစ္စည်း အသုံးပြုနည်း၊ ကျန်းမာသန့်ရှင်းရေး၊ နေထိုင်မှုအခြေအနေနှင့် လုံခြုံရေးကိရိယာများနှင့် ပတ်သက်သည့် အသိပညာပေးရမည်။

# ဗုဒ္ဓသက္ကရာဇ် ၂၅၂၂အရ လူဝင်မှုကြီးကြပ်ရေးချမှတ်ချက်

## ဗုဒ္ဓသက္ကရာဇ် ၂၅၂၂ ၏ လူဝင်မှုကြီးကြပ်ရေးချမှတ်ချက်အရ ထိုင်းနိုင်ငံအတွင်းရက် ၉၀ ကျော်နေထိုင်သော နိုင်ငံခြားသားတိုင်းသည် ရက် ၉၀ ပြည့်တိုင်း လူဝင်မှုကြီးကြပ်ရေးဌာ နကို အကြောင်းကြားရန်

### အပြစ်ဒဏ်

ထိုင်းနိုင်ငံအတွင်း ရက် ၉၀ ကျော်နေထိုင်သော နိုင်ငံခြားသားတိုင်းသည် ရက် ၉၀ ကျော်ပြီး လူဝင်မှုကြီးကြပ်ရေးဌာနကို အကြောင်းမကြားပါက အောက်ပါအတိုင်း အသိပေးချက်နှင့် အပြစ်ဒဏ်ရှိပါသည်။

၁. ရက် ၉၀ အကြောင်းကြားခြင်းသည် ထိုင်းနိုင်ငံအတွင်း ဆက်လက်နေထိုင်ခွင့် တောင်းခြင်းမဟုတ်ပါ

၂. နိုင်ငံခြားသားများ ထိုင်းနိုင်ငံမှထွက်ခွာပြီးခရီးသွားပါက ၄င်းတို့ပြန်ရောက်လာချိန်တွင် ထိုင်းနိုင်ငံတွင် ၄င်းတို့နေထိုင်သည့် ရက် ၉၀ ကိုရေတွက်ရာ၌ ခရီးသွားသည့် ရက်များကိုပါ ထည့်သွင်းရေတွက်ရန်

၃. ထိုင်းနိုင်ငံအတွင်း ရက်၉၀ ကျော်နေထိုင်သော နိုင်ငံခြားသားတိုင်းသည် ရက် ၉၀ ကျော်ပြီး လူဝင်မှုကြီးကြပ်ရေးဌာနကိုအကြောင်းမကြားပါက (သို့) အချိန်လွန် အကြောင်းကြားပါက ကိုယ်တိုင်လာရောက်အကြောင်းကြားပြီး ဘတ်ငွေ ၂၀၀၀ အဖြစ်ဒဏ်ကြေးဆောင်ရန်၊ ဖမ်းဆီးမိပါက ဘတ်ငွေ ၄၀၀၀ အဖြစ်ဒဏ်ကြေးဆောင်ရန်



# ထိုင်းနိုင်ငံအတွင်း အကူအညီတောင်းနိုင်သော နည်းလမ်းများ

ထိုင်းနိုင်ငံအတွင်းအလုပ်လုပ်ရာတွင် အခက်အခဲကြုံတွေ့သောအခါ အောက်တွင် ဖော်ပြထားသော ဆက်သွယ်ရန်ဖုန်းနံပါတ်များမှ အကူအညီတောင်းနိုင်ပါသည်

## ၁.

ထိုင်းနိုင်ငံတွင်းရှိ မိမိနှင့်သက်ဆိုင်သော ပင်ရင်းနိုင်ငံ၏ သံရုံး

ထိုင်းနိုင်ငံအတွင်းရှိမြန်မာသံရုံး
၁၃၂ ဆာထောင်းနေလမ်း
ခေတ်ပန်းလတ် ဘန်ကောက်

## ၂.

ထိုင်းနိုင်ငံရဲအဖွဲ့ချုပ်ကို
တိုင်ကြားရန်
အမြန်ဖုန်းခေါ်ရန်

ဖုန်းနံပါတ် ၁၉၁

## ၃.

ကျန်းမာရေးအတွက်အရေးပေါ်

အမြန်ဖုန်းခေါ်ရန် ၁၆၆၉

## ၄.

အလုပ်သမားရေးရာဌာနမှာအကူအညီတောင်းရန်

• အလုပ်သမားများအခက်အခဲကြုံတွေ့သောအခါ အမြန်ဖုန်းခေါ်ရန် ၁၅၀၆

• မတရားမှုကိုတိုင်ကြားရန် www.labour.go.th/helpme နှင့် အမြန်ဖုန်းခေါ်ရန် ၁၅၄၆

• အကြံတောင်းရန်နှင့် အကူအညီတောင်းရန်အတွက် အောက်ဖော်ပြပါမြို့နယ် ၁၀ ခုရှိ နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ကို အကူအညီတောင်းနိုင်သည်။

စမွတ်ပရာကာန် မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀ ၂၃၉၅ ၅၉၉၁-၂

စမွတ်စာခွန်း မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀ ၃၄၄၆ ၉၃၂၇

ချွန်ဘူရီ မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀၃၈၃၉ ၈၀၅၇

ချင်းမိုင် မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀၉ ၈၁၂၃ ၄၂၅၀

တာခ် မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀ ၅၅၅၆ ၃၆၃၉-၄၀

ခွန်ကန် မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀၄ ၃၃၃ ၀၁၉၇-၉-၂၄

နခွန်ရာချစီမာ မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀၈ ၆၄၆၈ ၇၅၆၃

ရနောင်း မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀၉ ၃၇၉၅ ၈၈၅၅

စုရာဒ်ထာနီ မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀၈ ၈၇၅၂ ၅၉၂၅

စွန်ခရာ မြို့နယ် နိုင်ငံခြားအလုပ်သမားကူညီရေးအဖွဲ့ ၀၈ ၈၅၉၁ ၀၀၉၁

## ၅.

ထိုင်းနိုင်ငံသို့ ဝင်ရန် သို့မဟုတ် ထွက်ရန် အခြေအနေ
လူဝင်မှုကြီးကြပ်ရေးရုံး

အရေးပေါ် ဖုန်းလိုင်း ၁၁၇၈

## ၆.

အလွဲသုံးစားအလုပ်ခံရပါက
အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

အရေးပေါ် ဖုန်းလိုင်း ၁၃၇၇

## ၇.

လူကုန်ကူးမှုကိစ္စစုံစမ်းခြင်းနှင့် တိုင်ကြားရန်
လူမှုအကူအညီပေးရေးစင်တာ လူမှုဖွံ့ဖြိုးရေးနှင့်လူသားလုံခြုံရေးဝန်ကြီးဌာန

အရေးပေါ် ဖုန်းလိုင်း ၁၃၀၀




สำนักบริหารแรงงานต่างด้าว
နိုင်ငံခြားအလုပ်သမားစီမံခန့်ခွဲရေးရုံး
กรมการจัดหางาน กระทรวงแรงงาน
အလုပ်အကိုင်အခွင့်အလမ်းရေးရာဌာန  အလုပ်သမားဝန်ကြီးဌာန
สายด่วน 1694
အရေးပေါ်ဖုန်းလိုင်း ၁၆၉၄
www.doe.go.th